# အရှေ့ဘက်စစ်မျက်နှာတွင် ငြိမ်သက်နေကြသည်

ဘီဘီစီ မြန်မာပိုင်း အစီအစဉ်မှူးဟောင်း ဦးအောင်မြင့်ထွန်း သက်ရှိ ထင်ရှားရှိစဉ်က အီးမေးလ်တစောင် ကျနော့်ထံ ရောက်လာခဲ့သည်။ ဂျပန်တွင် ကျနော်တို့လို မြန်မာ့အရေး လှုပ်ရှားနေသူအချို့အား ရေဒီယို စာနယ်ဇင်းဆိုင်ရာ သင်တန်း တခုကို သင်ကြားပို့ချပေးပြီးနောက် အင်္ဂလန်သို့ ပြန်သွားပြီး အတော်ကြာသောအခါ ရောက်လာသောစာ ဖြစ်သည်။

သူက စာမလာသတင်းမကြားရတာ ကြာပြီဖြစ်သောကြောင့် ယခုလို စာရေးလိုက်ခြင်းဖြစ်ကြောင်း ဆိုသည်။ ကျနော်တို့ တတွေ ဘာလုပ်နေကြသနည်း၊ နေထိုင်ကောင်းကြရဲ့လား ကျနော်တို့နှင့်ပတ်သက်သော သတင်းများမကြားရ ငြိမ်သက် နေသည့်သဘော ဖြစ်နေသောကြောင့် ဆရာက သိချင်စိတ်ဖြင့် မေးခြင်းဖြစ်သည်။ ကျနော်တို့ မမွေးခင်က ရုပ်ရှင်ကား တကားဖြစ်သည့် All Quiet on the Western Front ကို ခိုင်းနှိုင်းပြီး All Quiet on the Eastern Front ဟု ဆရာက ရေးသားခဲ့သည်၊ ကျနော်တို့ဂျပန်မှာလည်း ငြိမ်သက်နေသောကြောင့် ဆရာက ထိုကဲ့သို့ဆိုခြင်းဖြစ်မည်။

ဒေါ်စုမွေးနေ့အပြီး ၃ ရက် ၄ ရက်အကြာတွင် ဒီမိုကရေစီ ရောင်းရင်းတဦးက ကျနော့်အား ဒေါ်စုမွေးနေ့ ပွဲပြီးသွားတော့ ကျနော်တို့ရဲ့ တိုက်ပွဲဝင်ရဲဘော်များ ငြိမ်နေကြသည်။ ဒေါ်စုမွေးနေ့အဖြစ် မြန်မာ့အရေးကို အတော်လေး ကြိုးစားပမ်းစား လုပ်ခဲ့သည့်အတွက် တာဝန်တခု ပြီးသွားသောကြောင့် ငြိမ်သွားသလိုဖြစ်နေသည်ဟု သူက ဆိုသည်၊

ထိုအခါ ကျနော်က ဦးအောင်မြင့်ထွန်းသုံးစွဲခဲ့သလို All Quiet on the Eastern Front အရှေ့ဘက်စစ် မျက်နှာမှာ ငြိမ်သက်နေသည်ဟု သူ့အား ဖြေလိုက်သည်။ သူက ရုတ်တရက် နားမလည်ပေ။ ထို့ကြောင့် ကျနော်က သူ့အား အကြောင်းရင်းကို ရှင်းပြတော့မှ နားလည်သဘောပေါက်တော့သည်။ ကျနော်တို့ ငြိမ်နေ၍ မရပါ။ လုပ်စရာအလုပ် များစွာ ရှိပါသည်။ အကြောင်းမှာ ဒီမိုကရေစီတိုက်ပွဲတွင် ကျနော်တို့က လတ်တလော၌ အသာရနေသောကြောင့် ဖြစ်သည်။ စစ်အုပ်စုသည် ခံစစ်ဆင်နွှဲနေရသည်။ ကျနော်တို့က တိုက်စစ်ဆင်နိုင်သော အနေအထားတွင် ရှိသည်။ အခြေအနေ အမျိုးမျိုး ဖန်တီးကာ တိုက်စစ်ဆင်ရပါမည်။

ထိုအခါ ကျနော့်အား မေးကြပေလိမ့်မည်။ ဒေါ်စုတောင် ထောင်ချခံရမလားမသိ အခြေဆိုက်နေချိန်၊ ၂၀၁၀ ရွေးကောက် ပွဲကို စစ်အုပ်စုက မဖြစ်မနေ ကျင်းပဖို့ ကြိုးပမ်းနေချိန်၊ ပြည်သူများဆင်းရဲကျပ်တည်းမှုများကို ပိုမိုဆိုးရွားစွာ ကြုံနေရချိန် မျိုးတွင် မည်သို့သော အကြောင်းအချက်များက ကျနော်တို့ကို အသာရစေပါသနည်း ဟု မေးခွန်းထုတ်ဖွယ် ရှိပေသည်။

ထိုအတွက် ကျနော့်ထံတွင် အကြောင်းရင်းများ ရှိပါသည်။ နအဖစစ်အုပ်စု၏အားနည်းချက်သည် သူ့အတွက် ခံစစ် အနေ အထားကို ရောက်နေစေသောကြောင့် ဖြစ်သည်။ ထိုအားနည်းချက်ကို ကျနော်တို့က အလေးပေး ထိုးနှက်ရပေမည်။

နအဖ စစ်အာဏာပိုင်များသည် စစ်မျက်နှာတခုတွင် ခံစစ်အနေအထားသို့ ဆိုက်ရောက်နေသည်ကို ပထမဦးဆုံး တွေ့မြင်နိုင်သည့်အချက်မှာ ၂၀၀၈ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံတွင် နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းက မြန်မာနိုင်ငံအပေါ် ပြစ်ဒဏ်ခတ်အရေးယူမှုများကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် နာဂစ်မုန်တိုင်း ဒုက္ခသည်များအား ကယ်ဆယ်ထောက်ပံ့ရေးအတွက် မြန်မာနိုင်ငံသို့ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း ရောက် လာခဲ့စဉ်ကလည်း နိုင်ငံတကာ၏ ပြစ်ဒဏ်ခတ်အရေးယူမှုများ ဖယ်ရှားမှသာလျှင် နိုင်ငံတိုးတက်ရေးကို ဆောင်ရွက် နိုင်မည်ဟု ဆိုခဲ့ပြန်သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ပြစ်ဒဏ်ခတ်အရေးယူမှု Sanctions သည် နအဖအတွက် ခံနိုင်ရည် ခက်ခဲနေသော ဖိအား Pressure တခုဖြစ်သည်။

ဒုတိယအချက်မှာ ကျင်းပမည်ဆိုသည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဖြစ်သည်။ နအဖစစ်အာဏာရှင်များက ထိုရွေးကောက်ပွဲသည် ၎င်းတို့ အာဏာ ဆက်လက် ချုပ်ကိုင်နိုင်ရေးအတွက် တခုတည်းသောနည်းလမ်း ဖြစ်သည်ဟု မှတ်ယူနေခြင်း ဖြစ်သည်။ နှစ်ပေါင်း ၂၀ ကျော်ကြာ တရားမဝင်အစိုးရအဖြစ် ဆက်လက်ရပ်တည်ရန် မဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အညီ အုပ်ချုပ်သော တရားဝင်အစိုးရအဖြစ် တက်လှမ်းရန်လိုအပ်သည်ဟု  မှတ်ယူသောကြောင့် ဖြစ်သည်။

ယခုလိုအခြေအနေမျိုးတွင် နိုင်ငံတကာအသိုင်းအဝိုင်းက ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲသည် နိုင်ငံရေးအင်အားစုအားလုံး ပါဝင်သည့် တရားမျှတသော လွတ်လပ်သော ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်ဟု နအဖအား ရာဇသံပေးထားသည်။ ဤနေရာတွင် သတိပြုရန်လိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးပါပုံပင် ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲသည် ၂၀၀၈ နာဂစ်အခြေခံဥပဒေကို အကောင်အထည်ဖော်ရမည့် ရွေးကောက်ပွဲ ဖြစ်သည်၊ ၂၀၀၈ နာဂစ်အခြေခံဥပဒေသည် မြန်မာနိုင်ငံတွင် စစ်တပ်က နိုင်ငံရေး၌ ဦးဆောင်အခန်းက ပါဝင်ခြင်းကို အသိအမှတ်ပြုထားသည်၊ ဒီမိုကရေစီ အခြေခံများနှင့်မညီသော အကြောင်းချင်းရာ များစွာ ပါဝင်နေသည်။ နိုင်ငံတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏ အသက်ဖြစ်သည်။ ဥပဒေအားလုံးခေါင်ချုပ် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို mother of law ဟု ခေါ်ထားရသည်။

ထို့ကြောင့် နအဖရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီစံနှုန်းများနှင့်အညီဖြစ်စေရန် ပြင်ဆင်ရေးသည် အလွန် အရေးကြီးသောအချက်ဖြစ်သည်။ ထိုကဲ့သို့ ပြင်ဆင်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း နအဖ အား ၂၀၀၈ စက်တင်ဘာလကတည်းက တောင်းဆိုထားသည်။ နအဖ စစ်အာဏာပိုင်များက မသိကျိုးကျွန် ပြုထားသည်။ ဒီမိုကရေစီ စံနှုန်းများနှင့်ညီသော အခြေခံဥပဒေရှိမှသာ အနာဂတ်မြန်မာနိုင်ငံ၌ စစ်မှန်သော ဒီမိုကရေစီ ထွန်းကားရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေးအတွက် အာမခံချက်ပေးနိုင်မည် ဖြစ်သည်။ ထိုသို့သော အာမခံချက်များ ရှိသည်ဟု နိုင်ငံရေး အင်အားစုအားလုံးက ယုံကြည်လက်ခံကြလျှင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးအင်အားစု အားလုံး ပါဝင်ကြမည် ဖြစ်သည်။ ထိုကဲ့သို့မဟုတ်ပဲ နအဖစစ်အာဏာပိုင်များက မိမိတို့အလိုကျ တဘက်သတ်ကျင်းပ သွားမည်ဆိုလျှင် တိုင်းပြည်အခြေအနေသည် ပိုမိုဆိုးရွားလာဖွယ်ရာ ရှိသည်။ ထိုအခြေအနေများကို အဆင်ပြေ ချောမွေ့စွာ ဖြေရှင်းနိုင်ရေးသည် နအဖစစ်အာဏာပိုင်များအပေါ် မူတည်သည်ဟု ဆိုရမည်ဖြစ်သည်၊

ထို့အပြင် ၂၀၁၀ ရွေးကောက်ပွဲအား အီးယူနှင့် ဂျပန်တို့က အကူအညီပေးမှုများဖြင့် ဆက်စပ်ထားသည်ကို ၎င်းတို့ ထုတ်ပြန်ထားသည့် ကြေညာချက်တွင် အတိအလင်း ဖော်ပြထားပေသည်။ ဤသို့သော ပြည်တွင်းအခြေအနေနှင့် နိုင်ငံတကာ၏ရပ်တည်ချက်သည် နအဖအပေါ် သက်ရောက်နေသည့် ဖိအား Pressure များ ဖြစ်လျက်ရှိနေသည်။

တတိယအချက်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေးဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေး အကျဉ်းသား ၂၀၀၀ ကျော်ရှိနေခြင်းသည် နိုင်ငံတွင်း လူ့အခွင့်အရေးအခြေအနေ မည်မျှဆိုးဝါးနေသည်ကို ဖော်ပြနေ ပေသည်။ ထိုသို့ဖြစ်ပျက်နေခြင်းအား လူ့အခွင့်အရေးများကို လေးစား-တန်ဖိုးထားသော နိုင်ငံများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက လက်မခံပေ။ ထို့ကြောင့် ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးကို တစိုက်မတ်မတ် တောင်းဆို လှုပ်ရှားနေသည်။

ထိုအခြေအနေမျိုးတွင် ဒေါ်စုအား အကျယ်ချုပ် ထိန်းသိမ်းထားရာမှ ထောင်ချခံရသည့်အနေအထားသို့ ရောက်လာစေရန် နအဖ စစ်အာဏာရှင်များ ကြိုးပမ်းအားထုတ်လာသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ တုံ့ပြန်မှုမှာ ပိုမိုကျယ်ပြန့် များပြား လာခြင်းဖြစ်သည်။ ဒေါ်စုကို လွှတ်ပေးရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး၊ လူ့အခွင့်အရေး စသည့် နည်းလမ်း ပေါင်းစုံကို တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း အကောင်အထည်ဖော်နေကြသည်။ ဤသည်မှာ နအဖအပေါ် ကျရောက်နေသည့် ဖိအား Pressure တခုဖြစ်သည်။

ထိုကဲ့သို့သောဖိအားများကို ရင်ဆိုင်နေရသည့် နအဖအား စစ်မှန်သည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ဖြစ်လာစေရန် ဟန်ချက်ညီသော လှုပ်ရှားမှုများကို ပြည်တွင်းပြည်ပအင်အားစုများက ထိရောက်စွာ လုပ်ဆောင်နိုင်ရေးသည် အရေးကြီး လှသည်။

နိုင်ငံတကာအသိုင်းအဝိုင်းဆိုသည်မှာ မြန်မာ့အရေးနှင့်ပတ်သက်လျှင် (မည်သည့်အရေးကိုမဆို) ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားနှင့် ယှဉ်တွဲကြည့်လေ့ရှိကြသည်။ ထိုအကျိုးစီးပွားထဲတွင် စီးပွားရေး၊ နိုင်ငံရေး၊ သံတမန်ရေး၊ နိုင်ငံတကာဆက်ဆံရေး။ ကျင့်ဝတ်သိက္ခာ၊ ဩဇာအရှိန်အဝါစသည့် အကြောင်းအချက်များကို ထည့်သွင်းစဉ်းစားလေ့ ရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့်ပင် တခါတရံတွင် အကန့်အသတ်နှင့် ဖြစ်နေသော အနေအထားတွင် ရှိသည်။ ထိရောက်သင့်သလောက် မထိရောက်သည်ကိုလည်း တွေ့ရသည်။

သိသာရှင်းလင်းသည့်အချက်မှာ မြောက်ကိုရီးယား၏ အနုမြူစမ်းသပ်မှုအပေါ် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ၏တုံ့ပြန်မှု၊ မြန်မာ့အရေးအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာနိုင်ငံများက မလိုက်နာပဲ နေနိုင်သည့် အနေအထားတွင် ရှိနေသည်ကို တွေ့ရသည်။ သို့သော်လည်း ထိုနိုင်ငံများမှ အာဏာရှင်များ သတိထားလျက်ရှိသည့်အချက်မှာ ၎င်းတို့အား ကမ္ဘာကြီးက မျက်ခြည်မပြတ် စောင့်ကြည့်နေခြင်းပင် ဖြစ်သည်။

ထိုကဲ့သို့သောအခြေအနေမျိုးတွင် ကိုယ့်အရေးကို ကိုယ်တိုင်လုပ်ဆောင်ရမည် ဆိုသည့်အချက်သည် ယခုအခါ ပိုမိုအရေးကြီးလာပေသည်။ မိမိတို့ကိုယ်တိုင် တက်ကြွစွာဖြင့် လက်တွေ့လုပ်ဆောင်ခြင်းသည် ထိရောက်သော အကျိုးရလဒ်များ ဖြစ်ထွန်းလာစေရေးအတွက် များစွာ အထောက်အကူပြုသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ ကူညီပံ့ပိုးမှုများကို ပိုမိုရလာနိုင်သည်။ မြန်မာနိုင်ငံအပေါ် ထားရှိသောသဘောထားအပေါ် အကျိုးသက်ရောက်မှု ရှိစေသည်။

ထို့ကြောင့်

(၁) အနောက်နိုင်ငံအုပ်စုများ၏ ပြစ်ဒဏ်ခတ်အရေးယူမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ရေးနှင့် ပိုမိုထိရောက်လာစေရေးကို ဒီမိုကရေစီအင်အားစုများက မျက်ခြည်မပြတ် ဦးတည်ကြိုးပမ်းရမည့်အလုပ် ရှိနေသည်။

(၂) ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် နအဖအပေါ် နိုင်ငံတကာ၏ ထိရောက်သောဖိအားများ ကျရောက်စေရေးအတွက် နည်းလမ်းရှာဖွေလုပ်ဆောင်ရန် အလုပ် ရှိနေသည်။

(၃) ၂၀၁၀ ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပမည်ဟု သန္နိဋ္ဌာန်ချထားပုံရသည့် နအဖကို ၎င်းတို့စိတ်တိုင်းကျ တဘက်သတ် လုပ်ဆောင်နိုင်ခြင်းမရှိရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းက တောင်းဆိုသတ်မှတ်ထားသည့်အနေအထားကို နအဖက လုပ်ဆောင်လာရန် ပြည်တွင်းပြည်ပမှ ဖိအား၊ တွန်းအား၊ ဆွဲအားများ ဖြစ်ပေါ်လာစေရေးအတွက် လုပ်ဆောင်ရမည့် အလုပ် ရှိနေသည်။

(၄) ထိုမှတဆင့် တွေ့ဆုံဆွေးနွေးမှု Dialogue ဖြစ်ပေါ်စေရေးအတွက် ဖြစ်ပျက်ပြောင်းလဲနေသော အခြေအနေများနှင့် အညီ အခွင့်အလမ်းများဖန်တီးနိုင်ရေးနှင့် မိမိတို့အလိုရှိသော နိုင်ငံရေးအဝန်းအဝိုင်းကို ဖန်တီးရန် အလုပ်လည်း ရှိနေသည်။

ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့အထိမ်းအမှတ်ပွဲများလုပ်ဆောင်ခြင်းသည် မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာအသိုင်းအဝိုင်းက အာရုံစိုက်လာစေရန် ကြိုးပမ်းလှုပ်ရှားမှု ဖြစ်သည်။ ထို့အတူ အခြား အထိမ်းအမှတ်နေ့များ၊ အခမ်းအနားများ၊ နှစ်ပတ်လည်နေ့များသည် နိုင်ငံရေးအရ သွယ်ဝိုက်သော လှုပ်ရှားမှုများ ဖြစ်သည်။ စိတ်ဓာတ်အင်အားမြှင့်တင်ရေး၊ သမိုင်းဖြစ်ရပ်များ မမေ့မလျော့ရေး၊ အသိပညာ ဗဟုသုတများ တိုးပွားရေးအတွက် ဖြစ်သည်။ ဤလုပ်ဆောင်ချက်များက နိုင်ငံရေးအရ လှုပ်ရှားမှုများ အားကောင်းလာစေရေးအတွက် အထောက်အကူပြုနေသော လုပ်ရပ်များ ဖြစ်သည်။

ဂျပန်ရှိ မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူများအပါအဝင် နိုင်ငံအသီးသီးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံရေး အင်အားစုများသည် စစ်အာဏာရှင်နအဖနှင့် ပြည်တွင်းမှ အဓိက နိုင်ငံရေးအင်အားစုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က မြန်မာ့နိုင်ငံရေး အခြေအနေကို စစ်မှန်စွာ ပြောင်းလဲလာရေးကို လက်တွေ့ကျကျ ဖော်ဆောင် လုပ်ကိုင်နိုင်လာစေရန်

မည်သို့သော နည်းလမ်းများဖြင့် ချဉ်းကပ် လုပ်ဆောင်မည်နည်း ဆိုသည်ကို တစိုက်မတ်မတ်တွေးတောနေပါက ထိရောက်သည့် နည်းလမ်းကောင်းများ ထွက်ပေါ်လာနိုင်သည်။ လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသည့်စကားပုံအတိုင်းပင် ဖြစ်သည်။

နိုင်ငံရေးဆိုသည်မှာ လွန်စွာကျယ်ပြန့်သည့်အတွက် နိုင်ငံရေးလှုပ်ရှားမှုသည်လည်း နည်းလမ်းမျိုးစုံ ရှိပေသည်။ ဆန္ဒပြ လှုပ်ရှားရသည်များလည်း ရှိသကဲ့သို့ လူထုဟောပြောပွဲများ လုပ်ရသည်များလည်း ရှိသည်၊ မိမိတို့အဖွဲ့အတွင်း အဖွဲ့ဝင်များအချင်းချင်း ဆွေးနွေးတိုင်ပင် ညှိနှိုင်းရသည်များရှိသကဲ့သို့ နည်းလမ်းရှာဖွေ သုံးသပ်မှုများလည်းရှိသည်၊ လက်ရှိ ဖြစ်ပျက်နေသောအခြေအနေများကို ခွဲခြမ်းစိတ်ဖြာလေ့လာရသကဲ့သို့ သက်ဆိုင်ရာအာဏာပိုင်များအား စည်းရုံး ဆွဲဆောင်ရသည့် Lobby လုပ်ငန်းများလည်း ရှိသည်။ ဖြစ်ပျက်နေသောအခြေအနေများကို လူအများက သတိပြု စိတ်ဝင်စားမှု ရလာစေရန် လုပ်ဆောင်ရသည့် လုပ်ငန်းများရှိသကဲ့သို့ လှုပ်ရှားမှုများအတွက် လိုအပ်သော ငွေကြေး ထောက်ပံ့မှုများ ပြုရန်လည်း လိုအပ်သည်။

ထိုကဲ့သို့လုပ်ဆောင်ရန် အခြေခံများနှင့် နည်းလမ်းများကို ပေါင်းစပ်ကာ လုပ်ဆောင်ရမည့်လုပ်ငန်းများကို အကောင် အထည် ဖော်မည်ဆိုလျှင် အရှေ့စစ်မျက်နှာတွင်မက တကမ္ဘာလုံးတွင် မြန်မာ့အရေးသည် ငြိမ်သက်နေမည်မဟုတ်ပဲ တိုက်ပွဲဝင်သံ ထိုးစစ်ဆင်သံများဖြင့် နိုင်ငံတကာ၏စိတ်ဝင်စားမှုနှင့် သတိပြုမှုများကို ရရှိလာနိုင်မည် ဖြစ်သည်။ ပြည်တွင်း အင်အားစု၊ ပြည်ပအင်အားစုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ ဟန်ချက်ညီသော ကြိုးပမ်းလှုပ်ရှားမှုသာလျှင် မြန်မာ့ နိုင်ငံရေးကို စစ်မှန်သည့်ဒီမိုကရေစီကို ဦးတည်သည့် ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ကျော်ကျော်စိုး

(ဂျပန်)

ဇွန်လ ၃၀ ရက် ။ ၂၀၀၉ ခုနှစ်